# ၁၉၅၄ ခုနှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်မြဲရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]

အောက်မါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်မြဲရေးအက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) '' စစ်သေနာပတိချုပ် '' ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ကိုဆိုလိုသည်။

(ခ) '' စစ်ဥပဒေခေတ္တထုတ်ပြန်ကျေညာမှုအက်ဥပဒေ ''ဆိုသည်မှာ၊ ၁၉၅၃ ခုနှစ်၊ ရှမ်းပြည်နယ်၌ စစ်ဥပဒေ ခေတ္တထုတ်ပြန်ကျေညာမှုအက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀) ကို ဆိုလိုသည်။

(ဂ) ဥပဒေဝတ် ပြစ်မှုကိုဖြစ်စေ၊ တရားမ ပြစ်မှုကိုဖြစ်စေ ရည်ညွှန်း၍ အသုံးပြုသည့်အခါ၊ '' အပြုအမှု '' ဆိုသည့် စကားရပ်တွင်၊ ဆက်ကာဆက်ကာပြုသည့် အပြုအမှုများလည်း ပါဝင်သည်။ ထို့ပြင် ပြုသည့်အပြုအမူများကိုရည်ညွှန်းသည့် စကားရပ်သည် ပျက်ကွက်မှုများကိုလည်း ရည်ညွှန်းသည်။

(ဃ) '' သောင်းကျန်းမှုကာလအပိုင်းအခြား '' ဆိုသည်မှာ၊ အရပ်ဒေသ တခုခုနှင့် စပ်လျဉ်း၍၊ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှ ဤအက်ဥပဒေကိစ္စအလို့ငှါ၊ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာဖြင့်၊ ထိုအရပ်ဒေသအတွက် သောင်းကျန်းမှု ကာလ အပိုင်းအခြား ကုန်ဆုံးသည့်နေ့ဟု သတ်မှတ်သည့်နေ့ အထိ ကာလအပိုင်းအခြားကိုဆိုလိုသည်။

၃။ ။(၁) စစ်ဥပဒေ ခေတ္တထုတ်ပြန်ကျေညာမှုအက်ဥပဒေ ပုဒ်မ ၂ အရ ထုတ်ပြန်သည့် ကျေညာချက် တည်ဆဲတွင်၊ စစ်သေနာပတိချုပ်က ခန့်အပ်ဖွဲ့စည်းထားသည့်တရားရုံးများ၊ အာဏာပိုင်များနှင့် ခုံအဖွဲ့များကချမှတ်ခဲ့သော အမိန့်စီရင်ချက်၊ ပြစ်ဒဏ်စီရင်ခြင်းတို့သည်၊ ထိုကျေညာချက်ရပ်စဲသော်လည်း တည်မြဲလျက်ရှိစေရမည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖေါ်ပြခဲ့သော တရားရုံးများ၊အာဏာပိုင်များ၊ သို့တည်းမဟုတ် ခုံအဖွဲ့များ၏ပြစ်ဒဏ်စီရင်ချက်အရ ထောင်ဒဏ်ဖြစ်စေ၊ အခြားပြစ်ဒဏ်ဖြစ်စေခံရသူတိုင်းသည်၊ စစ်ဥပဒေ ခေတ္တထုတ်ပြန်ကျေညာမှု အက်ဥပဒေ ပုဒ်မ ၂ အရ ထုတ်ပြန်သည့်ကျေညာချက်ရပ်စဲသော်လည်း အဆိုပါထောင်ဒဏ်ကို၊ သို့တည်းမဟုတ် အခြားပြစ်ဒဏ်ကို၊ ထိုပြစ်ဒဏ်စီရင်ချက်အရဆက်လက်၍ခံရမည်။

(၃) စစ်ဥပဒေ ခေတ္တယုတ်ပြန်ကျေညာမှု အောက်ဥပဒေ ပုဒ်မ ၂ အရ ထုတ်ပြန်သည့်ကျေညာချက်တည်ဆဲတွင်၊ မူလရာဇဝတ်တရားရုံးများနှင့် ခုံအဖွဲ့များ၏ ပြစ်ဒဏ်စီရင်ချက်များကိုကြည့်ရှုပြင်ဆင်ရန်၊ စစ်သေနာပတိချုပ်က ခန့်အပ်ထားသော တရားရုံးများတွင်၊ သို့တည်းမဟုတ် အာဏာပိုင်များထံတွင်၊ ထိုကျေညာချက် ရပ်စဲသည့်အခါ၌ မပြီးမပြတ်ဖြစ်နေသော ကြည့်ရှုပြင်ဆင်မှုများကိုငှင်း၊ ထိုကျေညာချက် တည်ဆဲတွင် စစ်ဥပဒေ ခေတ္တထုတ်ပြန်ကျေညာမှု အောက်ဥပဒေအရခန့်အပ်ထားသော မူလရာဇဝတ်ရုံးများနှင့် ခုံအဖွဲ့များကချမှတ်ပြီးဖြစ်သော အမိန့်၊ စီရင်ချက်၊ သို့တည်း မဟုတ် ပြစ်ဒဏ်စီရင်ခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်မည့် ကြည့်ရှုပြင်ဆင်မှုများကိုငှင်း ထို ကျေညာချက် ရပ်စဲသော်လည်း တည်မြဲလျက်ရှိသကဲ့သို့၊ အပြီးတိုင်အောင်ဆက်လက်၍ ကြည့်ရှုပြင်ဆင်ရန် သက်ဆိုင်ရာတရားရုံးများနှင့် အာဏာပိုင်များ၌ အာဏာရှိရမည်။

၄။ ။(၁) ရေတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ ကုန်းတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ လေတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ မြို့ပြဆိုင်ရာမှုထမ်း ရာထမ်းအဖြစ်ဖြင့်ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအဖွဲ့ဝင် ပြည်နယ်တခုခု၏ အမှုကို ထမ်းရွက်သူက သော်ငှင်း၊ ယင်းသို့ အမှုထမ်းရွက်သူ၏ အခွင့်အာဏာအရ အခြားဆောင်ရွက်သူ တဦးတယောက်ကသော်ငှင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြင်ပ၌ဖြစ်စေ သောင်းကျန်းမှုကာလ အပိုင်းအခြား အတွင်း—

(က) မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌သော်ငှင်း၊
(ခ) သောင်းကျန်းမှုကိုနှိမ်နင်းရန်အတွက်သော်ငှင်း၊
(ဂ) မြိမ်ဝပ်ပိပြားရေးတည်မြဲစေရန်အတွက်၊ သို့တည်းမဟုတ် ပြန်လည် ရရှိရန်အတွက်သော်ငှင်း၊
(ဃ) စည်းကမ်းသေဝပ်မှုရှိအောင် ဆောင်ရွက်ရန်အတွက်သော်ငှင်း၊
(င) ပြည်သူ့လုံခြုံမှုရရှိအောင် ဆောင်ရွက်ရန်အတွက်သော်ငှင်း၊
(စ) တိုင်းသူပြည်သားတို့ နေထိုင်စားသောက် ဝတ်ဆင်ရေးအတွက် အထူးလိုအပ်သော အရာဝတ္ထုများနှင့် ဆောင်ရွက်မှုများကို စီမံ ထားရှိရန်အတွက်သော်ငှင်း၊
(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ ကာကွယ်ရေးအတွက်သော်ငှင်း၊
(ဇ) အခြားနည်း ပြည်သူ့အကျိုးဖြစ်ထွန်းရန်အတွက်သော်ငှင်း

သဘောရိုးဖြင့်အပြုအမူတခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် ပြုသည့်သဘောဖြင့်ဆောင်ရွက်လျှင်၊ ထိုအပြုအမူအတွက်၊ သို့တည်းမဟုတ် ထိုအပြုအမူကိုအကြောင်းပြု၍၊ သို့တည်း မဟုတ် ထိုအပြုအမူနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ အမှုအခင်းစွဲဆိုခြင်းကို၊ သို့တည်းမဟုတ် လက်ခံစစ်ဆေးခြင်း ကိုမပြုရ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ထောင်စုမြန်မာ နိုင်ငံပြင်ပ၌ဖြစ်စေ၊ သောင်းကျန်းမှုကာလအပိုင်းအခြားအတွင်း ပုဒ်မခွဲ (၁) တွင်ဖော်ပြ ထားသည့်တပ်သား၊ သို့တည်းမဟုတ် မှုထမ်း ရာထမ်းအဖြစ်ဖြင့် ဆောင်ရွက်သူတဦး တယောက်က၊ ထိုပုဒ်မခွဲတွင် သီးခြားဖော်ပြထားသည့် အခြေအနေများအရ၊ ထိုပုဒ်မခွဲ တွင်ဖော်ပြထားသည့် အကြောင်းတခုခုအတွက်ပြုသည့်၊ သို့တည်းမဟုတ် ပြုသည့်

သဘောဖြင့်ဆောင်ရွက်သည့် အပြုအမူတခုခုကို သဘောရိုးဖြင့်ပြုခဲ့သည်မဟုတ်ကြောင်း ဖြင့်စွပ်စွဲလျှင်၊ ထိုအပြုအမူအတွက်၊ သို့တည်းမဟုတ် ထိုအပြုအမူကိုအကြောင်းပြု၍၊ သို့တည်းမဟုတ် ထိုအပြုအမူနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတ ၏အခွင့်အမိန့်ကိုကြိုတင် မရရှိဘဲတရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ စွဲဆိုသည့်အမှုအခင်းကို မည်သည့်တရားရုံးတွင်မျှလက်ခံစစ်ဆေးခြင်းမပြုရ။

(၃) ဆိုခဲ့သည့်အမှုထမ်းရွက်သူပြုသော အပြုအမူတခုခုကို ဆိုခဲ့သည့် အကြောင်းတခုခုအတွက် ဆောင်ရွက်ရာ၌ ပြုခဲ့သည်ဟူ၍သော်၎င်း၊ အခြားသူတဦး တယောက်ပြုသောအပြုအမူတခုခုကို ဆိုခဲ့သည့်အမှုထမ်းရွက်သူ၏ အခွင့်အာဏာအရ ဆိုခဲ့သည့်အကြောင်းတခုခုအတွက်ပြုခဲ့သည် ဟူ၍သော်၎င်း ဖေါ်ပြပါရှိသော နိုင်ငံတော် သမတ ၏အခွင့်အမိန့်အရထုတ်ပေးသည့်လက်မှတ်သည်၊ ဤပုဒ်မအလို့ငှါ ထိုလက်မှတ် တွင်ပါရှိသည့်အတိုင်း အပြီးပြတ်တည်သော သက်သေခံထင်ရှားချက်ဖြစ်ရမည်။ ထို့ပြင် ယင်းသို့ပြုခဲ့သည့်အပြုအမူတခုခုကို သဘောရိုးဖြင့်ပြုခဲ့သည်မဟုတ်ဟုထင်ရှားမပြနိုင်လျှင် ယင်းသို့မပြသမျှကာလပတ်လုံး ထိုအပြုအမူကို သဘောရိုးဖြင့်ပြုခဲ့သည်ဟုမှတ်ယူရမည်။

၅။ ။ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ—

(က) ပြည်ထောင်စု နိုင်ငံအစိုးရကဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ ကိုယ်စားဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အစိုးရကဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အစိုးရ၏ကိုယ်စားဖြစ်စေ၊ တရားမ ကြောင်းဖြင့်၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းဖြင့် အမှုအခင်း စွဲဆိုခြင်းကိုသော်၎င်း၊

(ခ) ပဋိညာဉ်အရ အခွင့်အရေးများနှင့်ဖြစ်စေ၊ ပဋိညာဉ် ဖျက်ကွက်မှု များနှင့်ဖြစ်စေ စပ်လျဉ်းသည့် အမှုများကို သောင်းကျန်းမှု ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့နှင့် အချင်းဖြစ်အကြောင်း အရာပေါ်ပေါက်သည့်နေ့များအနက် နောက်ကျရာနေ့မှ တနှစ် အတွင်းတရားမကြောင်းဖြင့်၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်း ဖြင့် အမှုအခင်းစွဲဆိုခြင်းကိုသော်၎င်း

ထိခိုက်သည်ဟုမမှတ်ယူရ။

၆။ ။၁၉၅၀ ပြည့်နှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့် တည်မြဲရေး အက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၃) ကို၊ ဤအက်ဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၃၇၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၁၁-၅၄—၂,၀၀၀—၂၊